စိတ်ကူးချိုချိုစာပေ



# ဆောင်းဝင်းလတ်



# အရှင်ထွက် နှင့် သညိဘက်ခေတ်ဝတ္ထုတိုများ



ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၉၈·၈၃

အရှင်ထွက်နှင့်သည်ဘက်ခေတ်ဝတ္ထုတိုများ
ဆောင်းဝင်းလတ် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၃ စင်တီ × ၂၀·၅ စင်တီ
(၁) အရှင်ထွက်နှင့်သည်ဘက်ခေတ်ဝတ္ထုတိုများ

စိတ်ကူးချိုချိုစာအုပ်

# အရှင်ထွက်နှင့်
## သည်ဘက်ခေတ်ဝတ္ထုတိုများ
## ဆောင်းဝင်းလတ်

ပထမအကြိမ်

# မာတိကာ

| | | |
|---|---|---|
| ၁။ | အရှင်ထွက် | ၁ |
| ၂။ | စကားမပြောဖူးသေးတဲ့ဝတ္ထု | ၁၃ |
| ၃။ | ဦးညိုအေးကြီးကို ကျေးဇူးတင်တယ် | ၂၅ |
| ၄။ | အစမ်းသပ်ခံမှတ်တမ်း | ၃၅ |
| ၅။ | ဟဲလေးခင် | ၆၄ |
| ၆။ | အမော်ဆမ် | ၇၀ |
| ၇။ | စာရင်းသေလူသား | ၈၁ |
| ၈။ | အဝေးကြီးမှာ မရှိပါ… | ၉၀ |
| ၉။ | ပေါင်းမိုးအောက်က လူနှစ်ယောက် | ၁၀၀ |
| ၁၀။ | ကြာသပတေးနေ့ | ၁၀၅ |
| ၁၁။ | လွမ်းစရာကောင်းတဲ့ တကယ့်ဝတ္ထု | ၁၁၄ |
| ၁၂။ | တစ်ခါကညရိပ်သာ | ၁၂၂ |
| ၁၃။ | တစ်ဘဝစံ | ၁၃၆ |
| ၁၄။ | ကစားဖော် | ၁၄၄ |
| ၁၅။ | စတတ်တာ | ၁၅၅ |
| ၁၆။ | ဘာဘီကျူးညှ | ၁၇၃ |

၁၇။ အရှုးနောက်ကတကောက်ကောက် ၁၇၉
၁၈။ အဆိပ်ငွေ့မှိုင်းမှိုင်း ကာလရိုင်းများ ၁၈၇
၁၉။ ခြံစောင့်တဲ့ကလေး ၁၉၈
၂၀။ မီးခြစ်တစ်ဆံ ၂၁၂

# အရှင်ထွက်

၁၉၇၀ ပြည့်နှစ် သူငယ်ချင်းတစ်စုနှင့် ကျွန်တော်၊ အထွေထွေစက်မှု လက်မှုဘာသာရပ်များ သင်ကြားရမှာက ၁၉၇၁ နှစ်ကျမှဖြစ်သော်လည်း ၁၉၇၀ ပြည့်နှစ်ဦး အစကာလမှစ၍ အင်ဂျင်နီယာမှူး ဦးတင်ဦးနှင့် ဦးဝင်းဆွေတို့နှစ်ယောက်က သီးခြားစက်မှုဘာသာရပ်နှစ်ခုကို ကြို၍ သင်ကြားပေးရာ စာတွေ့ရော၊ လက်တွေ့ပါ မနားမနေ ကြိုးစားသင်ယူကြရပါသည်။ အင်္ဂလန်နိုင်ငံမှ ရောက်လာသော ပါကင် ဒီဇယ်အင်ဂျင်နှင့် သော်နီကရော့ဖ် ဒီဇယ်အင်ဂျင်စက်များအကြောင်းကို ဆရာနှစ်ယောက်က ဖိဖိစီးစီး သင်ကြားပေးခဲ့ကြသည်။ စာတွေ့ပိုင်းပြီးတော့ လက်တွေ့ပိုင်းအဖြစ် အဆိုပါအင်ဂျင်စက်များ တပ်ဆင်ထားသော သင်္ဘောများမှာ သွားနေကာ မောင်းနှင်ခိုင်းပါတော့သည်။ ခင်မင်ရသော ပြောမနာဆိုမနာ သူငယ်ချင်းတွေ လူစုကွဲသွားကြ၏။ ရန်ကုန်၊ ပုသိမ်၊ ဖျာပုံ၊ ဘိုကလေး၊ ပြည်၊ မော်လမြိုင်၊ ရခိုင်စသဖြင့် ယာယီသင်္ဘောမျိုး ရောက်ရှိသွားကြသည်။

×××

အိပ်ရာမှ စောစောထကာ စစ်တွေမြို့၏ နံနက်ခင်းစည်ကားနေပုံကို ကျွန်တော် ငေးကြည့်နေမိသည်။ မြို့မဈေးတံတားတွင် ကုန်တင်၊ ခရီးသည်တင် ပင်လယ်ကို ဖြတ်သန်းသော သင်္ဘောကြီးများ ရှိသဖြင့်

လူတွေရှုပ်ထွေးစပြုပြီ။ ဈေးကြီးတစ်ဝိုက်မှာလည်း ရောင်းသူဝယ်သူတွေ ဆူဆူညံ့လျက်။ ကျွန်တော် ခိုနားရာ ယာယီနေအိမ်ငယ်ဟုဆိုရ မည့် အာရ်ပီစီသင်္ဘောကလေးကတော့ ဆတ်ရိုးကျချောင်း၏လှိုင်းရိုက်ခတ်သံနှင့်အတူ ငြိမ့်ငြိမ့်လှုပ်လှုပ်။ ကျွန်တော့်ထက် ဝီရိယကောင်းကာ သဘောမနော စေတနာလည်းကောင်းသော ကိုစောရွှေက ဘယ်အချိန်ကတည်းကထ၍ သူကိုယ်တိုင် ချက်ပြုတ်နေခဲ့မှန်း မသိရသော ရခိုင်မုန့်တီဟင်းရည်အိုးကြီး ကို မီးဖိုခန်းထဲမှတစ်ဆင့် လက်နှီးနှင့် လက်မပူအောင်မ၍ ယူလာခဲ့ပါပြီ။ မုန့်ဖတ်လည်း ဝယ်ထားပြီးသားပါလား။ ဒါကမနက်စာစာဟု ဆိုရမည်။ မနက်စာ ထမင်းကိုတော့ လမ်းကျမှ စားကြမည်။ မချက်ရသေး။ သင်္ဘောမှာ ရှိသမျှ ကျွန်တော်တို့ သင်္ဘောသားတစ်စု ဝိုင်းဖွဲ့ကာ အာပူလျှာပူ ရခိုင် မုန့်တီစားလိုက်ကြသည်။ ကောင်းလိုက်တာ။ ကိုစောရွှေကြီးက ရခိုင်သား၊ စစ်တွေဇာတိ။ သူက သင်္ဘောမှာ ဖတ်ချင်သူတွေ ဖတ်ရအောင် လစဉ်ထုတ် မဂ္ဂဇင်းတွေလည်း ဝယ်ပေးထားပါသေးသည်။ ကျေးဇူးတင်ရ၏။ သူက မူလတန်းပြ ကျောင်းဆရာလေးဘဝမှ သင်္ဘောသားဘဝပြောင်းလာသူတဲ့။ စာတတ်ပေတတ်မို့ သူနှင့်စကားပြောလျှင် နယ်မြေဗဟုသုတတွေ တော်တော်ရလိုက်သည်။ ကျွန်တော် ဒီသင်္ဘောလေးကို ရောက်စက ရခိုင်အကြောင်း သူ့ကို မေးဖူးသည်။

'ရခိုင်ဆိုတာက ပါဠိဘာသာနဲ့ဆိုရင် ရက္ခပုရပေါ့ကွာ။ ရက္ခဆိုတာက စောင့်ရှောက်တာကို ဆိုလိုတာ။ ကိုယ်ကျင့်သီလကို စောင့်ရှောက်တယ်။ ကိုယ့်လူမျိုးကို ကိုယ်စောင့်ရှောက်တယ်။ ဒါကြောင့် ရက္ခိုင်ခေါ်တာ'ဟု သူ ပြောဖူးသည်။ ကျွန်တော်တို့တစ်တွေ အာပူလျှာပူမုန့်တီစား ဟင်းရည်သောက်ပြီး၊ လက်ဖက်ရည်ချိုချိုတစ်ခွက်စီသောက်၊ ခံတွင်းချဉ်ပြေစေရန် ခြသေ့်သုံးကောင် တံဆိပ်ဆေးပေါ့လိပ်ဖွာသူဖွာ၊ စီးကရက်လေးဖွာသူဖွာနှင့် နာရီကြည့်လိုက်တော့ မနက် ၇ နာရီခွဲပြီ။ ဈေးဝယ်ပြီးပြန်လာသော ကိုအုန်းမြင့် ခေါ် ကိုကျွက်ရောက်လာသဖြင့် ကျွန်တော်က ထိုင်ရာမှထကာ ခြင်းတောင်းကို လှမ်းယူလိုက်သည်။ သူက ဈေးဝယ်သမားလည်း ဖြစ်သလို ကျွန်တော်တို့စားဖို့ နေ့စဉ် ဟင်းထမင်းစီစဉ်ချက်ပြုတ်

ပေးသော ကျေးရူးရှင်လည်း ဖြစ်သည်။ သင်္ဘောကလေးမှာ လူနည်းစု ဖြစ်၍ အားရင်အားသလို ကျွန်တော်တို့ကလည်း ကိုကျွက်အား ပိုင်းကူ ချက်ပြုတ်ပေးမြဲပင်။ ဒီနေ့တော့ ဟင်းလျာက ဆိတ်ကလီစာဟင်း၊ ပုစွန် ဆီပြန်နှင့် ရုံးပတီသီးဟင်းချိုတဲ့။

'ငြိမ့်သည်တွေလည်း ကျွေးမှာဆိုတော့ ပိုပိုလျှံလျှံ ဆန်ဆီ၊ ငရုတ်၊ ကြက်သွန်ကအစ လောက်လောက်ငငဖြစ်အောင် ငါဝယ်လာခဲ့တယ်'ဟု ကိုကျွက်က ကျွန်တော်တို့ကို ပြောပြနေသည်။ ၇ နာရီ ၄၅ မိနစ်တွင် ဧည့်သည်များ ရောက်လာကြသည်။ ရာထူးအဆင့်အတန်းအားဖြင့် ခရိုင်ဝန်၊ နယ်ပိုင်တွေလို့ဆိုကြပါစို့ရဲ့။ သူတို့ရဲ့ တပည့်တပန်းများလည်း ပါရဲ့။

'ကိုလတ်ရေ၊ သင်္ဘောထွက်ရအောင် စက်နှိုးပေတော့'ဟု သင်္ဘော ပဲ့နင်း ကိုကျော်သိန်းက ပြောသဖြင့် စက်ခန်းထဲသို့ ကျွန်တော်ဆင်းခဲ့ သည်။ ကိုကျော်သိန်းကလည်း ရခိုင်ဇာတိမို့ သူစကားပြောလျှင် ကိုစော ရွှေကြီးလိုပင် အသံက ဒေသသံခပ်ဝဲဝဲ။ ကျွန်တော်က သော်နီခရော့ဖ် အင်ဂျင်စက်များကို နှိုးလိုက်သည်။

သင်တန်းတုန်းက စာတွေ့၊ လက်တွေ့သင်ခဲ့ရသော အင်ဂျင်စက် တွေကို ခုတော့ နေ့ရောညပါ ကိုယ်တိုင်ကိုယ်ကျ နီးနီးကပ်ကပ် ပတ်သက် ဆက်နွယ်နေရပေပြီ။ သူနှင့် ပတ်သက်သမျှ ကောင်းမွေဆိုးမွေကတော့ ကျွန်တော်ရဲ့ဘဝတစ်ကွေ့စာ ကံတရားပေါ့။ စစ်တွေ ဆတ်ရိုးကျချောင်း မှ ထွက်လာကြပြီး နောက်ဘက်က မြို့ပြရဲ့မြင်ကွင်းကို ကျွန်တော် လှမ်း ကြည့်တော့ ပို့ထ်အသော်ရတီမျှော်စင် ပွိုင့်မီးပြ၊ စစ်တွေ အထင်ကရ နာရီစင်၊ လောင်စာဆီ လှောင်ကန်ကြီးတွေက တဖြည်းဖြည်း ဝေးကျန်ခဲ့ ရစ်ပြီ။ စင်ရော်ငှက် တစ်အုပ်က ကျွန်တော်တို့ နောက်မှ ပျံဝဲရင်းလိုက် နေကြဆဲ။ ၁၉၆၈ ခုနှစ်က ကျွန်တော် အယ်လ်စီ ဂျီသင်္ဘောနှင့် သွားခဲ့ရ သော တနင်္သာရီ ကမ်းမြောင်ဒေသ မြိတ်ကျွန်းစုမှာက ပင်လယ်ပြင်ထဲ တွင် ကျွန်းပေါင်း ၉၀၀ ကျော်ရှိခဲ့သလို ယခု ကျွန်တော် အာရ်ပီစီ သင်္ဘောကလေးနှင့် ရောက်နေသော ရခိုင်ကမ်းမြောင်ဒေသမှာလည်း မှတ်မှတ်ရရ ကျွန်းပေါင်း ၄၄ ကျွန်းတောင် ရှိနေပြန်သည်။ ဖရုံကာကျွန်း

ကြီး၏ မြောက် ဘက်မှတစ်ဆင့် ကစ္ဆပနဒီမြစ်ကို ကျွန်တော်တို့ဝင်သည်။ မြစ်ရေပြင်က ဆတ်ရိုးကျတုန်းကလို မစီမ်း။ ဝါကြွင်ကြွင်။ ကျွန်တော်တို့ သင်္ဘောမှ အသက်အငယ်ဆုံး သင်္ဘောသားလေး မောင်သိန်းစောက ကျွန်တော့် ဆေးလိပ်ဘူးထဲမှ အစီခံမပါသော ခပေါင်းစီးကရက်တစ်လိပ် ကို ယူ၍ဖွာရင်း–

'ဖရုံကာကျွန်း သုံးကျွန်းထဲမှာ အခု ကျွန်တော်တို့ မြင်နေရတဲ့ အနောက်ဘက်ဖရုံကာကျွန်းမှာ ကျွန်တော့်ရွာရှိတယ်။ ကြုံကြိုက်လို့ရှိရင် ဆံတော်ရှင် ဘုရားပွဲ အစ်ကို့ကို ကျွန်တော် ခေါ်သွားမယ်။ သိပ်စည်ကား တယ်အစ်ကို။ ရပ်ဝေးရပ်နီးက လှေတွေ၊ မော်တော်တွေနဲ့ အကုန်လာ ကြတာ။ ဘုရားပွဲ ဈေးကလည်း တော်တော်ရောင်းကောင်းတဲ့ဈေးပေါ့။ ရိုးရာပွဲပေါ့အစ်ကိုရာ' ဟု ပြောပြသည်။

သူ့မိဘသားချင်းများက ငါးပုစွန်လုပ်ငန်းနှင့် ကောက်ပဲသီးနှံလုပ် ငန်း လုပ်နေကြကြောင်းလည်း ပြောပြသည်။ မောင်သိန်းစောကလေးက သီချင်းတော်တော်များများကို ဂစ်တာလက်ကွက်ကောင်းကောင်းနှင့် တီးတတ်သူဖြစ်သည်။ သွားလေရာမှာ သူ့ဂစ်တာလေးပါလာတတ်သည်။

'ကျွန်တော်အစ်မနဲ့ သူ့ယောက်ျားကတော့ အရှေ့ဖရုံကာကျွန်းမှာ နေကြတယ်။ သူတို့နေတဲ့ကျွန်းမှာ လက်ယက်တွင်းတူးရင် ရေနံစိမ်း ထွက်တော့ စီးပွားရေးအဆင်ပြေကြတယ်'ဟုလည်း ပြောပြသည်။ စကားကောင်းနေကြတုန်း သင်္ဘောစက်ရှိန်ကို နည်းနည်းလျှော့ချပြီး မောင်းကြရပြန်သည်။ ရေပြင်တစ်ခွင် ပိုက်မျှောနေရရှာသော ငါးလှေ လေးတွေကို ရှောင်ပြီး မောင်းကြရပြန်သည်။ ကျွန်းကြီးတစ်လျှောက် ရွာတစ်ချို့တွင် ပုစွန်မွေးကန်တွေကလည်း အများကြီး။ ကစ္ဆပနဒီ၏ ဘယ်ဘက်ကမ်းတစ်လျှောက်မှာတော့ နိမ့်ကာမြင့်ကာ တောင်သေလာ တွေ။ ဟိုအဝေး ဦးရာဇ်တောင်ပေါ်မှာတော့ ရွှေရောင်ဘုရားတစ်ဆူ။ ရွှေစေတီကို မနောဓာတ် ကြည်ကြည်ဖြင့် လှမ်းဖူးရင်း စက်ခန်းအတွင်း ကျွန်တော်ဆင်းခဲ့ကာ ဝဲယာ အင်ဂျင်စက်များအခြေအနေကို ကြည့်ရ သေးသည်။ အခြေအနေကောင်းတော့ စိတ်ချမ်းသာရသည်။ သူတို့ မဖောက်ပြန်သရွေ့ ကျွန်တော့်အတွက် စိတ်လက်ပေါ့ပါးနေဦးမည်သာ

ပင်။ သူတို့တစ်စုံတစ်ခု ချွတ်ယွင်းလျှင် စိတ်ရောကိုယ်ပါ ပင်ပန်းဖို့သာ ပြင်ပေတော့။ သင်္ဘောကလေး၏ ကုန်းပတ်ပေါ် ပြန်တက်လာခဲ့သည်။

ဟော၊ ရေဝဲကတော့ကြီး။ ရေစီးကလည်း ကြမ်းပါပေ့။ သည်နေရာက မြစ်နှင့်ချောင်း ပေါင်းဆုံရာပေကိုး။ ကစ္ဆပနဒီက ပုဏ္ဏားကျွန်းချောင်းနှင့် ပေါင်းဆုံမိလေပြီ။

'သိန်းစောရေ၊ တက်မကို ချောင်းရဲ့အထက်ပိုင်းဆန်တက်ဖို့ ဦးတည်ပြီး ကိုင်ဟေ့။ ရေစီးကြမ်းတယ်ကွ၊ ချောင်းထဲကို ငါတို့တွေ ရေကိုဆန်ပြီးဝင်မှရမယ်'ဟု ပဲ့နင်းကိုကျော်သိန်းက တက်မကိုင်ရသော မောင်သိန်းစောကလေးကို သတိပေးသည်။ ကျွန်တော်က စက်ခန်းထဲပြန်ဆင်းကာ စက်ရှိန်ကို လျှော့ချပေးလိုက်ရသည်။ ချောင်းထဲမှာ စပါးလှေတွေရှိ၍ လှိုင်းပုတ်ပြီး မြုပ်သွားကြမှာ စိုးရိမ်ရ၍ဖြစ်သည်။ ပေနှစ်ရာသာသာမျှသာ ကျယ်ဝန်းသော ချောင်းအတွင်း ဈေးလှေတွေ၊ ဈေးသည်တွေကလည်း ဆူဆူညံညံ။ ဆိပ်ခံတံတားကလည်း သစ်သားတံတားကလေးသာ။ ဆန်စက်တွေဆီမှ မီးခိုးခေါင်းတိုင်က လွင့်နေသော မှိုင်းဝေဝေနှင့်ကောင်းကင်မှ တိမ်ပြာပြာတို့ ရောထွေးသွားတာ မြင်နေရသည်။

'ဟိုးတုန်းက ဒီမြို့မှာ ပုဏ္ဏားတွေနေခဲ့လို့ မြို့နာမည်ကို ပုဏ္ဏားကျွန်းလို့ ပေးထားတာ'ဟု ကိုစောရွှေကြီးက ကျွန်တော့်ကို ပြောပြသည်။ လိုက်ပါလာ သော ဧည့်သည်တချို့က သင်္ဘောမှ ခုဏဆင်းသည်။ ကြိုးတံတားရှိ၍ ကြိုးတံတားကို ဖြတ်သန်းကာ သူတို့တစ်တွေ ဦးရာဇ်တောင်ဘုရားဖူးဖို့ တက်သွားကြသည်။ ကျွန်တော်ကတော့ မြို့အနောက်ဘက်မှ သြရမ္မတောင် တန်းကြီးဆီ လှမ်းငေးကြည့်နေမိသည်။ တကယ်တမ်းကျတော့ ကျွန်တော်ရောက်နေသော ပုဏ္ဏားကျွန်းမြို့ကလေးမှာ ဘင်္ဂါးရာတောင်အခြေတောင်စွယ်မှာ ရှိနေခြင်းသာ။ စစ်တွေကတော့ ဟိုးတောင်အရပ်မှာ ကျန်ခဲ့ပါပြီ။ အရှေ့အရပ်မှာ မြောက်ဦး၊ အနောက်အရပ်မှာ ရသေ့တောင်၊ ကျွန်တော်တို့ဆက်ပြီး သွားရဦးမှာက မြောက်အရပ်ရှိ ကျောက်တော်သို့။

'ဧည့်သည်တွေ ဘုရားဖူးပြီး တောင်ပေါ်က ပြန်ဆင်းလာကြရင် ငါတို့ ဆက်ထွက်မယ်။ ဒီတစ်ခါ သင်္ဘောထွက်ရင် ကိုသော်တာကြီးက

ပွဲ့ကိုကိုင်ဗျာ။ ခင်ဗျားက ဒီလမ်းကြောင်းတွေ မရောက်ဖူးသေးတော့ တဖြည်းဖြည်းသွားရင်းလာရင်း ရေလမ်းကြောင်း သိသွားအောင်လို့ ပွဲ့ကိုင်ခိုင်းတာပါ။ ဒီကထွက်သွားလို့ မြစ်ဝကိုရောက်ရင် ခင်ဗျားသတိထားရမှာက အန္တရာယ်ကြီးတဲ့ ကျောက်တန်းရှည်ကြီးရှိတယ်။ မြစ်မရှည်ကျောက်တန်းလို့ခေါ်ကြတယ်။ ဦးရာဇတောင်ဘုရားကမ်းဘေးက သန္တာကျောက်တန်းကြီးဗျ။ ခင်ဗျားက အဲဒီကျောက်တန်းကြီးကို ရှောင်ပြီး သင်္ဘောကို မောင်းရမှာနော်။ ကျောက်တန်းကိုလွန်တာနဲ့ မြောက်ဘက်ကိုသာ ဦးတည်ပြီးမောင်းပေတော့'

ပွဲ့နင်းကိုကျော်သိန်းက မကြာသေးမီကမှ ပုသိမ်က ပြောင်းရွှေ့လာသည့် ကိုသော်တာကြီးကို ပြောနေသည်။ ရန်ကုန်မှ ရောက်လာခါစ ကျွန်တော်သည်လည်း ရခိုင်၏ရေမြေနှင့် ကျွမ်းဝင်အောင် မပြတ်အကဲခတ်ရပေဦးမည်။ တော်တော်လေးကြာတော့မှ ဧည့်သည်တွေ ပြန်ရောက်လာကြသည်။ ကျွန်တော်လည်း စက်ခန်းထဲဆင်းရပြန်သည်။ စက်တွေနှိုးရပြန်သည်။ ပုဏ္ဏားကျွန်းမြို့ကလေးမှ ကျွန်တော်တို့သင်္ဘော ခွာလာပြီး ကစ္ဆပနဒီမြစ်၏ ဘယ်ဘက်အခြမ်းမှ စမုန်တောင်ကြောကို ဖြတ်ကျော်ရပြန်သည်။ တဖြည်းဖြည်း မြစ်ပြင်ပိုကျယ်လာကာ ဟင်းခရော်ချောင်းနှင့် ဆုံစည်းမိသည်။ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်။ လယ်စောင့်တဲလေးတွေကိုမြင်တော့ ဟိုး မှတ်ကျွန်းဒေသဆီမှ မိဘဘိုးဘွားဇာတိ ကွမ်းခြံကုန်းမြို့ကလေးတစ်ဝိုက်ကို လွမ်းမိသည်။ ဟင်းခရော်ချောင်းထဲသို့ ကျွန်တော်မဝင်။ သူ့လမ်းကြောင်းက မြောက်ဦးသို့ရောက်သောလမ်းကြောင်းမို့ ကျွန်တော်တို့က စက်ရှိန်ကို မြှင့်ကာ ကစ္ဆပနဒီအတိုင်း ခုတ်မောင်းသည်။ မြစ်ပြင်၏အရောင်က ပို၍စိမ်းရင့်လာသည်။

'ဧည့်သည်တွေကို ထမင်းကျွေးဖို့ ပြင်လိုက်တော့မယ်'ဟု စားဖိုမှူးအိုးသူကြီးကိုကျွက်ကပြောကာ သူ့လက်ရာဟင်းလျာများကို တည်ခင်းပါလေတော့သည်။

'ဧည့်သည်တွေ စားပြီးမှ ငါတို့စားကြတာပေါ့'ဟုလည်း ကိုကျွက်က ပြောသေးသည်။ မနက်က မုန့်တီစားထားသော်လည်း ကိုကျွက်ချက်ထား

သော ဟင်းနုံ့လေးသင်းလာသဖြင့် ဆာသလိုလိုပင်။ ခဏကြာတော့ မြစ်၏ ဘယ်ဘက်ကမ်းမှ သဲထပ်ရွာကလေးကို မြင်ရသည်။ ရွာနှင့် နီးနီးကပ်ကပ်မှ သင်္ဘောမောင်းနေစဉ် ဆေးတံသောက်နေသော အမျိုးသမီးတချို့ ပလိုင်းလွယ်ကာ သွားလာနေကြတာမြင်ရ၍ သည်ရွာမှာလည်း ရခိုင်အပြင်၊ ခမီနှင့် မြိုတိုင်းရင်းသူ၊ တိုင်းရင်းသားတွေ ရှိနေပါလားဟု သတိထားမိ၏။ ပုဏ္ဏားကျွန်းမှာတုန်းကလည်း ခမီနှင့်မြိုတိုင်းရင်းသူ၊ တိုင်းရင်းသားများတွေ့ခဲ့ရသည်။

'ဒီရွာမှာတော့ ရခိုင်နဲ့ခမီတွေ အနေများတယ်'ဟု ကိုကျော်သိန်းက ပြောပြသည်။ သဲထပ်မှ ဆက်မောင်းလာတော့ ရွာတန်းရှည်ရောက်အောင် တော်တော်ကြာသည်။ ရွာနာမည်ကို သိအောင် ရွာထိပ်တွင် 'အပေါက်ဝမှ ကြိုဆိုပါ၏' ဆိုင်းဘုတ်လေး ထောင်ထားသေး၏။ ကျွန်တော်တို့က ရွာမှာ ဝင်မကပ်ဘဲ ဆက်မောင်းသည်။ သို့သော် ရေစွယ်ထိုးတာ ကြမ်း၍ထင်သည်။ အပေါက်ဝရွာတန်းရှည်ကလေး ကမ်းပြိုပြိုကျနေတာ ရင်လေးစရာ လှမ်းမြင်ခဲ့ရသည်။

'သောင်နဲ့ ဝေးဝေးခွာမောင်းနော် ကိုသော်တာကြီး'

တက်မခန်းတွင် ပဲ့ကိုင်နေသော ကိုသော်တာကြီးအား ပဲ့နင်းကိုကျော်သိန်းက သတိပေးသည်။ မြစ်အရှေ့ဘက်ကမ်းမှ သောင်ပြင်ကြီးက တစ်မျှော်တစ်ခေါ်။ ပလိုင်းလွယ်ထားသော ခမီတိုင်းရင်းသူတချို့ကို သောင်ပြင်ပေါ်မှ ဆေးရွက်ကြီးစိုက်ခင်းထဲ အလုပ်လုပ်နေကြတာ လှမ်းမြင်ခဲ့ရသည်။ မြစ်အနောက်ဘက်ကမ်းမှာတော့ ဩရမ္မတောင်တန်းကြီးက သဘာဝအတိုင်း လွမ်းမောဖွယ်ရာ။ သည်တောင်စွယ်တောင်တန်းကြီး၏ဝဲယာကို ခွဲခြားစီးဆင်းနေသော မေယုခေါ် မယူမြစ်၊ ကစ္ဆပနဒီခေါ် ကုလားတန်မြစ်တစ်ကြောမှ သောင်ပြင်များတွင် အသီးအနှံစုံလည်းပေါ။ ငါးပုစွန်တွေလည်း လှိုင်လှိုင်ပေါပေ့။ ဒါကြောင့်လည်း ရခိုင်သင်္ကေတ ဓညဝတီဆိုသည်က မြန်မာလို သီးပင်စားပင်မျိုးစုံ စားလို့မကုန်အောင် ပေါများခြင်းတဲ့။ ညှော်သည်တွေ စားပြီးကြတော့ ပဲ့စင်ခန်းတွင် ပဲ့ကိုင်သူ ကိုသော်တာကြီးမှ လွဲ၍ ကျွန်တော် တို့အားလုံး ဝိုင်းဖွဲ့ထမင်းစားကြသည်။ မောင်သိန်းစောကလေး ပြီးတော့ ကိုသော်

တာကြီးနှင့် လူချင်းလဲကြသည်။ မောင်သိန်းစောကလေး ပွဲကိုင်အလှည့်။ ကျွန်တော်လည်း ပွဲကိုင်ခန်းဘက် ခဏလျှောက်လာရင်း မောင်သိန်းစောကို–

'အရှေ့ဘက်ကမ်းတောင်ပေါ်က ဘုရားက ဘာဘုရားလဲ'ဟု မေးကြည့်တော့

'ကျွန်တော်တို့ ရခိုင်မှာ အကြီးအကျယ် အထင်ရှားဆုံးသေလာဂီရိပဗ္ဗတောင် ဆံတော်ရှင်စေတီ'တဲ့။ မောင်သိန်းစောလေး ပွဲကိုင်နေဆဲမှာပင် သင်္ဘောက ကျောက်တော်မြို့ကို ဝင်ခဲ့ပြီ။ စစ်တွေမှ မိုင်ရှစ်ဆယ်ဝေးသည်အထိ ခုတ်မောင်းခဲ့ရသော သင်္ဘောလေး၏ အင်ဂျင်စက်နှစ်လုံးကိုလည်း အမောဖြေခိုင်းရပေတော့မည်။ ကျောက်တော်မြို့၏ အကျယ်အဝန်းကို မောင်သိန်းစောကလေးအား မေးကြည့်ရာ…

'တောင်နဲ့မြောက် တစ်မိုင်လောက်ပဲ ရှိပါတယ်'ဟု ပြောပြသည်။

'အစ်ကို အံ့သြစရာတစ်ခု ဒီမြို့မှာ တွေ့ရလိမ့်မယ်။ ရှေးဟောင်းပစ္စည်းကြီးတစ်ခုပေါ့'ဟု မောင်သိန်းစောကလေးက ပြော၍–

'ဘာများပါလိမ့်'ဟု မေးကြည့်ရာ–

'မီးသတ်ကားကြီးတစ်စီးရှိတာ၊ ဟိုးလွန်ခဲ့တဲ့ လွတ်လပ်ရေးမရခင်ခေတ်ကတည်းက ကားဟောင်းကြီးအစ်ကိုရဲ့'ဟု ပြောတော့ အံ့အားသင့်မိသည်။ အိမ်တွေကို လှမ်းကြည့်တော့ ခြံကျယ်ဝင်းကျယ်တစ်ထပ်အိမ်တော်တော်များများကို သပ်သပ်ရပ်ရပ်ပင် မြင်လိုက်ရသည်။

'ဒီမြို့မှာ အဓိက လမ်းနှစ်လမ်းကတော့ အနောက်လမ်းမနဲ့ကမ်းနားလမ်းပေါ့။ လမ်းတိုလေးတွေတော့ ရှိတယ်'ဟု မောင်သိန်းစောကလေးပြောပြီး သင်္ဘောကပ်ရန် ဆိပ်ခံတံတားဘက်သို့ ဦးတည်လိုက်သည်။ သင်္ဘောကပ်တော့မည်မို့ ပွဲနင်းကိုကျော်သိန်းကိုယ်တိုင် တက်မခန်းထဲဝင်လာသည်။ ဆိပ်ခံဖောတံတားပေါ်တွင် တာဝန်ရှိသူ အရာရှိပိုင်းဝန်ထမ်းတချို့လာဆင်း ကြိုနေကြတာ လှမ်းမြင်ရသည်။ ကျွန်တော်တို့သင်္ဘောပေါ်မှာ ပါလာသော ခရိုင်နှင့်နယ်ပိုင်အရာရှိကြီးများကို ဆင်းကြိုနေခြင်းပင်။ သင်္ဘောကြီးချည်ကပ်ပြီးတော့ သူတို့တစ်တွေ မြို့အခြေအနေကို စစ်ဆေးဖို့ တက်သွားကြ သည်။ ကျွန်တော်လည်း စက်ခန်းထဲမှ

ဝဲယာစက်များကို စိတ်ချလက်ချ ရပ်ပစ်လိုက်နိုင်ပြီ။ အားလုံး နားနားနေနေ သဘော်ပေါ်မှာ ထိုင်ကာ ဟိုငေးသည်ငေးနှင့် ကိုကျွက်စီစဉ်ပေးသော ရေနွေးကြမ်းပူပူ၊ ပဲခြမ်းကြော်သုပ်တို့ဖြင့် အပန်းဖြေကာ စကားစမြည်ပြောကြသည်။ သည်ဒေသမှာ ကျွန်တော်တို့ထက် အနေကြာ၊ လုပ်သက်လည်းဝါရင့်ပြီဖြစ်သော ကိုကျွက်က သူကြုံတွေ့ခဲ့ရဖူးသော အရာရှိကြီးတစ်ဦး၏မိသားစုတစ်စုအကြောင်းကို ပြောပြသည်။

'လွန်ခဲ့တဲ့သုံးနှစ်လောက်က ခုလိုပဲ နယ်လှည့်စစ်ဆေးရေး အရာရှိကြီးတစ်ယောက်ကို ကျောက်တော်ကို သဘော်နဲ့ လာပို့ရဖူးတယ်။ သူက သူ့မိန်းမနဲ့ကလေးတွေ၊ သမက်တွေ၊ ချွေးမတွေပါ တစ်ပြုံကြီးခေါ်လာတာကွ။ ငါတို့ ပို့ပြီး တာဝန်ကြီးတာပေါ့ကွာ။ ခုလိုပဲ ကျောက်တော်ဆိပ်ကမ်းရောက်တော့ သူတို့ကို ဆင်းကြိုတဲ့အရာရှိငယ်တွေနဲ့ ဝန်ထမ်းတွေက တရိုတသေ ဆီးကြိုကြတာပေါ့။ ဒီကျောက်တော်ဒေသတစ်ဝိုက်မှာ ထူးခြားတာတစ်ခုရှိတယ်။ ဟိုး ရှေးအစဉ်အဆက်ကတည်းက ဘယ်ဌာနဆိုင်ရာ ဘယ်လိုအရာရှိကြီးတွေ့ပဲလာလာ ဆီးကြိုပြီး စကားပြောတဲ့အခါမှာ ရှေးထုံးစံကို မဖျက်ကြဘဲ သူတို့ပြောကြဆိုကြတဲ့ စကားလုံးတွေထဲမှာ ဘုရားဆိုတာကို ထည့်ထည့်ပြီး ပြောတတ်တဲ့ဓလေ့ရှိကြတယ်။ ဟုတ်ပါဘုရား၊ မှန်ပါဘုရား၊ ကြွပါဘုရား၊ စားတော်မူပါဘုရား စသဖြင့်ပေါ့လေ။ အမိန့်ရှိပါဘုရားဆိုတာမျိုးပေါ့လေ။ ဒီလိုပြောတာကို နားထောင်ပြီး သဘောကျ၊ သာယာသွားတာကတော့ အရာရှိကြီးရဲ့ မိန်းမနဲ့ သူ့မိသားစုပဲကွ။ တကယ်တော့ သူတို့က မင်းမျိုးမင်းနွယ်လည်း မဟုတ်ကြဘူး။ သာမန် သူလိုငါလို လူတန်းစားထဲက တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတက်လာလို့ အရာရှိကြီး၊ အရာရှိကတော်၊ အရာရှိသားသမီးဆိုပြီးဖြစ်လာကြတဲ့ လူတန်းစားပေါ့ကွာ။ ဒါပေမဲ့ သူတို့မိသားစုအကြောင်း ငါ စုံစမ်းကြည့်တော့ သူတို့က စိတ်ကြီးဝင်တဲ့ရောဂါရှိပြီးသားမိသားစုဆိုတာ သူတို့အိမ်က အိမ်ဖော်တွေ၊ အလုပ်သမားတွေဆီက တစ်ဆင့် ငါတို့သိလိုက်ရတယ်။ အိမ်မှာဆိုရင်လည်း သူတို့ကို အရှင်ဘုရား၊ မယ်မယ်ဘုရား၊ သားတော်၊ သမီးတော်၊ သမက်တော်၊ ချွေးမတော်၊ မြေးတော်ဆိုပြီး ခေါ်တာပြောတာကိုမှ သဘောကျတယ်ဆိုပဲ။ ဒါက